IOM UN MIGRATION

# ထိုင်းနိုင်ငံအတွင်း လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခြင်း နှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ အခွင့်အရေးများ နှင့် ပါတ်သက်သော ရွှေ့ပြောင်းအလုပ်သမားများ အတွက် သိကောင်းစရာအချက်များ

CREST FASHION

CREST
CORPORATE RESPONSIBILITY
IN ELIMINATING SLAVERY AND TRAFFICKING

ဤစာတမ်းအား ' လူကုန်ကူးမှု နှင့် ကျွန်ပြုစနစ်ပပျောက်ေ ရး ကော်ပိုရေးရှင်း (CREST) နှင့် CREST Fashion စီမံကိန်း တို့၏ မူဘောင်အတွင်းမှထုတ်ဝေဖြန့်ချိသည်

## ထိုင်းနိုင်ငံအတွင်း မိမိသည် လွတ်လပ်စွာ အဖွဲ့အစည်းဖွဲ့နိုင်ခွင့် နှင့် စုပေါင်း ညှိနှိုင်းခွင့် အခွင့်အရေးများ ရှိပါသလား။

ရှိပါသည်။ ရွှေ့ပြောင်းအလုပ်သမားတစ်ဦးသည် အလုပ်သမား သမဂ္ဂ လုပ်ရှားမှုများတွင် အဖွဲ့ဝင်တစ်ဦးဖြစ်ခွင့် နှင့် ပါဝင်ဆောင်ရွက်ရန် ခွင့်ပြုပါသည်။ သို့သော် ထိုင်းနိုင်ငံဥပဒေသည် ရွှေ့ပြောင်းအလုပ်သမားများအား မှတ်ပုံတင်ထားသော အလုပ်သမား သမဂ္ဂ၏ ဘုတ်အဖွဲ့ဝင် သို့မဟုတ် ရုံးတာဝန်ခံ ဖြစ်ခွင့် မပေးထားပါ။

- သင်သည် သင့်အလုပ်ခွင်ရှိ အလုပ်သမား သမဂ္ဂ နှင့်/သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းများမှ ကိုယ်စားလှယ် များနှင့် လွတ်လပ်စွာ တွေ့ဆုံဆက်သွယ်ခွင့်ရှိပါသည်။
- သင်သည် ကုမ္ပဏီစီမံခန့်ခွဲမှုမပါရှိပဲ အလုပ်သမားသမဂ္ဂ အစည်းအဝေးပွဲများအား လွတ်လပ်စွာပါဝင်ခွင့်ရှိပါသည်။
- သမဂ္ဂတစ်ခု ပူးပေါင်းခြင်း၊ အလုပ်သမား သမဂ္ဂများ သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းများနှင့် ဆက်နွယ်သော လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ဆောင်ရွက်ခြင်းတို့အတွက်ဖြစ်စေ သို့မဟုတ် အလုပ်သမားများ၏ စုပေါင်းအကျိုး စီးပွားအတွက် ကိုယ်စားလှယ်ပြုခြင်းအတွက်ဖြစ်စေ အလုပ်ရှင်မှ သင့်အား အပြစ်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းများပြုလုပ်ရန်မသင့်ပါ။
- ထိုင်းနိုင်ငံဥပဒေအရ စုပေါင်း အငြင်းပွားမှု၊ အလုပ်ရပ်သပိတ်မှောက်မှု သို့မဟုတ် သပိတ်မှောက်မှုတွင် ပါဝင်သည့်အတွက် သင့်အား ပြစ်ဒဏ်ပေးခြင်း မခံရသင့်ပါ။
- စုပေါင်းညှိနှိုင်းခြင်း၊ အလုပ်သမား သမဂ္ဂများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် သင်ပါဝင်ခဲ့သည့်အတွက် သင့်အလုပ်စာချုပ်အား ရပ်ဆိုင်းမခံရသင့်ပါ။
- သမဂ္ဂတွင် ပါဝင်ခြင်း သို့မဟုတ် သမဂ္ဂလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုလုပ်စေရန် သင့်အလုပ်ရှင်မှ သင့်အား ဆွဲဆောင်မှုမက်လုံးများ မပေးသင့်ပါ။

## INFO အလုပ်သမား သမဂ္ဂများ နှင့် အလုပ်သမားအဖွဲ့အစည်းများ ဆိုသည်မှာ အဘယ်နည်း။

အလုပ်သမားသမဂ္ဂများနှင့် အလုပ်သမားအဖွဲ့အစည်းများသည် လုံခြုံ၍ ထိရောက်မှုရှိသော လုပ်ငန်းခွင်အတွက် အလုပ်အခြေအနေ၊ လူမှုဖူလုံရေး၊ အကျိုးခံစားခွင့်များအား ညှိနှိုင်းရန်နှင့် အလုပ်သမား၏အငြင်းပွားဖွယ် ပြဿနာများကို ငြိမ်ချမ်းစွာ ဖြေရှင်းရန် အလုပ်ရှင်နှင့် အလုပ်သမားများအကြား စုပေါင်းညှိနှိုင်းခြင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

## စုပေါင်းညှိနှိုင်းခြင်း ဆိုသည်မှာ အဘယ်နည်း။

လစာငွေ၊ အကျိုးခံစားခွင့်၊ အလုပ်ချိန်၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့်အန္တရာယ်ကင်းရှင်းရေးမူဝါဒများ နှင့် အခြားကိစ္စရပ် များ အပါအဝင် အလုပ်ခန့်ထားမှု စည်းကမ်းချက်များအား အလုပ်သမားများ၊ သမဂ္ဂများမှတဆင့် အလုပ်ရှင်နှင့် ညှိနှိုင်းရာ တွင် ပါဝင်သော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

ဤထုတ်ကုန်အတွက်
IKEA Supply AG မှ ကူညီထောက်ပံ့သည်

Laudes Foundation

Sweden Sverige

IOM Thailand, ၁၈ လွှာ၊ ရတ်ကျနာကန် အဆောက်အဦး၊ ဆာထွန်တောင်ပိုင်း ၃ လမ်း၊ ဘန်ကောက်မြို့၊ စာတိုက်အမှတ် ၁၀၁၂၀၊ ထိုင်းနိုင်ငံ။
ဖုန်း (+၆၆) ၂ ၃၄၃ ၉၃၀၀ (ရုံးချုပ်) | အီးမေးလ်း crestthailand@iom.int